ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကုသရေးဦးစီးဌာန

# COVID-19 ရောဂါ နှင့်ပတ်သက်၍ ဆေးရုံများတွင် ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန် (Version 3)

(Updated as of 26-3-2020)

(က) စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ

- COVID-19 ရောဂါ နှင့် ပတ်သက်သည့် အချက်အလက်များအား စဉ်ဆက်မပြတ်လေ့လာရန်နှင့် ကျန်းမာရေးဝန်ထမ်းများအားလုံးအား အသိပေးထားရန်၊
- လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းများ အားလုံးကို သင်တန်းများ ဆောင်ရွက်ပေးထားရန်၊
- ကျန်းမာရေးဝန်ထမ်းများ Standard Precaution များနှင့် လုပ်ငန်းလမ်းညွှန်များကို လိုက်နာမှု ရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်နိုင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်း ပေးရန်၊
- လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများအား ဖြည့်ဆည်း ထားရန်၊ ညှိနှိုင်းဆောင်ရွက်ရန်နှင့် တင်ပြရန်၊
- လူနာစောင့်များ/ဧည့်သည်များ ဝင်/ထွက်မှုအား စနစ်တကျ ဆောင်ရွက်စေရန်၊
- လူနာ/လူနာစောင့်/ဧည့်သည်များအတွက် သတ်မှတ်ထားသော စည်းကမ်းများ လိုက်နာစေရေး အသိပညာပေးဆောင်ရွက်ရန်၊
- ဆေးရုံများတွင် သံသယလူနာများ (Suspected Cases) များ တွေ့ရှိပါက သီးခြားထားရှိရန် အတွက် ပြင်ပလူနာဌာန၌ Fever corner/fever room၊ သီးခြားကုသဆောင်များ (Isolation and Quarantine) ပြင်ဆင်ထားရှိရန်၊

- သံသယလူနာများအား သီးခြားကုသဆောင်များသို့ သယ်ယူပို့ဆောင်မည့် လမ်းကြောင်းများ ကြိုတင် သတ်မှတ်ထားရန်၊
- ဆေးရုံများတွင် ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ပိုမိုအားဖြည့် ဆောင်ရွက်ရန်၊
- COVID-19 ရောဂါနှင့် ပတ်သက်၍ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး အတွက် ကဏ္ဍအလိုက် သတ်သတ်မှတ်မှတ်တာဝန်ပေးအပ်ထားရန်၊ ရောဂါနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်စစ်ဆေး ထောက်လှမ်းခြင်းများ ဆောင်ရွက်ရန်နှင့် IPC committee နှင့် IPC team များ အနေဖြင့် သတ်မှတ်လုပ်ငန်းများ ပုံမှန်ဆောင်ရွက်ရန်၊
- "ဆေးရုံများတွင် ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းလမ်းညွှန် (၂၀၁၆)" နှင့် WHO မှ ထုတ်ပြန်ထားသော Interim Guidance ဖြစ်သည့် 'Infection prevention and control during health care when novel coronavirus (nCoV) infection is suspected' တွင် ပါဝင်သော လုပ်ငန်းလမ်းညွှန်များအတိုင်း လိုက်နာဆောင်ရွက်ပါရန်၊

  (Up to Date အချက်အလက်များကို https://www.who.int/emergencies/diseases/novel-coronavirus-2019 တွင် လေ့လာနိုင်ပါသည်။)
- ပြင်ပလူနာဌာန/အရေးပေါ်ကုသမှုဌာနများတွင် COVID-19 ရောဂါအပြင် အခြား Highly infectious diseases သံသယ လူနာများအား Screening ပြုလုပ်နိုင်ရေးနှင့် လူနာများအတွက် လိုအပ်သည့် Masks နှင့် Hand washing facilities များ စီစဉ်ထားရန်၊
- ဓာတ်ခွဲစစ်ဆေးရန် ပေးပို့ရာတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၏ Novel coronavirus sample collection guide and lab request form အသုံးပြု၍ တိကျစွာ လိုက်နာ ပေးပို့ရန်၊
- ကြိုတင်ကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုများအဖြစ် ပြည်သူ့ဆေးရုံများတွင် ဝန်ထမ်း/ လူနာ/ လူနာစောင့်များအနေဖြင့် ရောဂါကြိုတင်ကာကွယ်ရေး အလေ့အကျင့်များဖြစ်သော ပါးစပ်နှင့် နှာခေါင်းကို ကာ၍ နှာချေချောင်းဆိုးခြင်း၊ နှာချေချောင်းဆိုးပြီးချိန်/ရောဂါပိုးရှိသူများ

အား ကိုင်တွယ်ပြီးချိန်/ အများသုံးအရာဝတ္ထုပစ္စည်းများ ထိတွေ့ပြီးချိန်တိုင်း လက်ဆေးခြင်း စသည်တို့ကို လိုက်နာဆောင်ရွက်သွားရန် အသိပေးခြင်း၊ ပြည်သူလူထုမှ သိရှိလိုက်နာစေရေး အသိပညာပေးပိုစတာများ ရိုက်နှိပ်ကပ်ထားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဆေးရုံ ဆင်းလူနာများနှင့် တွေ့ဆုံမှု အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးခြင်းများ ဆောင်ရွက်ပါရန်၊

- လိုအပ်ပါက ဆေးရုံအထောက်အကူပြုအဖွဲ့များ၏ အကူအညီကို ရယူရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ပြုစုထုတ်ပြန်လျက်ရှိသော လုပ်ငန်းလမ်းညွှန်များကို စဉ်ဆက်မပြတ် ကြည့်ရှုလေ့လာရန်၊
- ဆေးရုံများ၌ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြင်ဆင်မှု အတွက် Checklists ကို ကိုးကားအသုံးပြုရန်၊ (ပူးတွဲ 'က')

(ခ) ပြင်ပလူနာဌာန/အရေးပေါ်ကုသမှုဌာနတွင် လူနာများအား စိစစ် စစ်ဆေးခြင်း

- ပြင်ပလူနာဌာန/အရေးပေါ်ကုသမှုဌာနသို့ ရောက်ရှိလာသော လူနာများအားလုံးအား COVID-19 နှင့် ပတ်သက်၍ Screening ပြုလုပ်ရေး စီစဉ်ထားရှိရန်နှင့် Management Protocol ကို သိရှိရေး စီစဉ်ပေးထားရန်၊
- ပြင်ပလူနာဌာန/အရေးပေါ်ကုသမှုဌာနရှိ ကျန်းမာရေးဝန်ထမ်းများသည် COVID-19 နှင့် ပတ်သက်သည့် အချက်အလက်များအား သိရှိထားရန်၊
- အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများဖြင့် သံသယလူနာတွေ့ရှိပါက Medical mask များကို စနစ်တကျ ဝတ်ဆင်စေရန်နှင့် လူနာများ/လူနာစောင့်များအတွက်ပါ လက်ဆေး နိုင်ရေး စီစဉ်ထားရှိရန်၊
- ပြင်ပလူနာဌာန/အရေးပေါ်ကုသမှုဌာနများ၌ PPE များ (Masks, Gowns, Eye protection, Gloves) အဆင်သင့် ထားရှိရန်၊

- ပြင်ပလူနာဌာန/အရေးပေါ်ကုသမှုဌာနသို့ လာရောက်ပြသသော လူနာများ/လူနာစောင့်များ အနေဖြင့် အသိပညာရှိပြီး ကိုယ်တိုင် နားလည်သိရှိကာ စမ်းသပ်စစ်ဆေးမှုများ လက်ခံနိုင်ရေး အသိပညာပေး ပိုစတာများ၊ အသိပညာပေးခြင်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်ရန်၊

- COVID–19 ရောဂါလက္ခဏာများအား Screening ပြုလုပ်နိုင်ရန်အတွက် –
  - (၁) လူနာများအနေဖြင့် ရောဂါလက္ခဏာများ ရှိပါက ကြိုတင်သတင်းပေးပို့ရေး အသိပေး ထားရန်၊
  - (၂) အသိပညာပေးပိုစတာများ ထားရှိရန်၊
  - (၃) ကျန်းမာရေးဝန်ထမ်းများ screening ပြုလုပ်နိုင်ရေး လေ့လာနိုင်ရန်အတွက် Algorithm လမ်းညွှန်ချက်များ ထားရှိပေးရန်နှင့် အသိပေးထားရန်၊
  - (၄) COVID–19 ရောဂါလက္ခဏာ ရှိသော လူနာများအတွက် သီးခြားမေးမြန်းရန် အခန်း (Fever room) သို့မဟုတ် အခြားလူနာများနှင့် ဝေးကွာသော သီးသန့်နေရာ (ဥပမာ – Fever Corner) စီစဉ်ထားရန်၊
  - (၅) ချောင်းဆိုး/နှာစေးနေသော လူနာများကို Surgical mask/medical mask ပေးရန်။ (သို့မဟုတ်) Tissue များ စီစဉ်ထား၍ အမှိုက်ပုံးများ စနစ်တကျ စီစဉ်ထားရန်နှင့် လူနာများ ပါးစပ်နှင့် နှာခေါင်းကို အုပ်၍ ချောင်းဆိုး/နှာချေစေရန် အတွက် အသိပညာ ပေးပိုစတာများ/လမ်းညွှန်ချက် များ ထားရှိရန်၊
  - (၆) ကြမ်းခင်းများ/ စားပွဲများ/ အသုံးအဆောင်ပစ္စည်းများကို စနစ်တကျ ပိုးသန့်စင်ခြင်း မကြာခဏ ဆောင်ရွက်ရန်။

- ပြည်သူ့ဆေးရုံများရှိ OPD/ED တို့တွင် ကျန်းမာရေးဝန်ထမ်းများသာမက လူနာ၊ လူနာစောင့်များ Hand washing/Hand rub များ ဆောင်ရွက်နိုင်ရေးစီမံထားရန်၊

- OPD/ED တွင် လူနာများ အုပ်စုလိုက် ဖြစ်ပေါ်မှု အတတ်နိုင်ဆုံး လျှော့နည်းစေရန် ပြင်ပလူနာ ကြည့်ရှုသည့်စနစ်ကို စီမံခန့်ခွဲခြင်း/တန်းစီစနစ် ကျင့်သုံးခြင်း/ နားနေရန် နေရာများ စီစဉ်ထားခြင်း/ လူနာ တစ်ဦးသာ ဝင်ခွင့်ပြုခြင်း အစရှိသည့် အစီအစဉ်များ စီမံထားရန်၊

- လူနာနှင့် အနည်းဆုံး သုံးပေ (သို့မဟုတ်) တစ်မီတာ အကွာအဝေးရှိစေရေး အခန်းနေရာများ ပြုပြင်ထားရန်၊
- ချောင်းဆိုး/နှာစေးသည့် လူနာများအား ရောဂါရာဇဝင်မေးမြန်းခြင်း ပြုလုပ်သည့် အခါ Medical Mask ကို ဝတ်ဆင်ရန်၊

(ဂ) ရောဂါပိုးကူးစက်ပျံ့နှံ့မှုအတွက် အခြေခံလိုက်နာရမည့် Standard Precaution များ

– လူနာနှင့်လူနာစောင့်များအားလုံးသည် ပါးစပ်နှင့် နှာခေါင်းကို ကာ၍ နှာချေချောင်းဆိုး ခြင်း၊ နှာချေချောင်းဆိုးပြီးချိန်/ရောဂါပိုးရှိသူများ အား ကိုင်တွယ်ပြီးချိန်/ အများသုံး အရာဝတ္ထုပစ္စည်းများ ထိတွေ့ပြီးချိန်တိုင်း လက်ဆေးခြင်း တို့ကို လိုက်နာဆောင်ရွက်သွားရန်၊

– ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကျန်းမာရေးဝန်ထမ်းများသည် Masks တပ်ဆင်ခြင်း၊ လက်အိတ်ဝတ်ဆင်ခြင်း၊ လူနာများ ထိတွေ့ကိုင်တွယ်ပြီးပါက လက်ဆေးခြင်း၊ လူနာ၏ အခြေအနေပေါ်မူတည်၍ လိုအပ်ပါက PPE/Isolation suite များ၊ Goggles၊ Gowns များ ဝတ်ဆင်ရန်၊

– COVID–19 Acute Respiratory Disease နှင့် ပတ်သက်၍ Personal Protective Equipment ဝတ်ဆင်ရန် လုပ်ငန်းလမ်းညွှန်နှင့် အညီ PPE များကို ဝတ်ဆင်အသုံးပြုရန် (ပူးတွဲ "ခ")နှင့် PPE ဝတ်စုံ ဝတ်ဆင်ရာတွင် ကုသရေးဦးစီးဌာန၏ "Hospital Infection Control Guidelines (2016)" နောက်ဆက်တွဲ 'ခ' "ကူးစက်ရောဂါကာကွယ်ဝတ်စုံဝတ်ဆင်ခြင်း" လမ်းညွှန်နှင့် အညီ ဝတ်ဆင်ရန်၊ (ပူးတွဲ 'ဂ')

(ဃ) Confirmed Case များအတွက် အထူးဆောင်ရွက်သင့်သည့် လိုက်နာဆောင်ရွက်ရန် အချက်အလက်များ

– လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကုသရေးဦးစီးဌာနမှ ပြုစု ထုတ်ဝေထားသော "Clinical Management Guidelines for COVID–19" ကို လိုက်နာ ဆောင်ရွက်

ရန်၊ (Updated guidelines များကို http://mohs.gov.mm/Main/content/publication/2019-ncov တွင် ကြည့်ရှုရန်)

- Confirmed case များနှင့် ထိတွေ့ရာတွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် Medical mask များ ဝတ်ဆင်ရန်၊ Eye protection (Googles) or Facial protection (face shield) များ ဝတ်ဆင်ရန်၊ ပိုးမွှားသန့်စင်ပြီးသော Long-sleeved gown များ ဝတ်ဆင်ရန်၊ လက်အိတ် ဝတ်ဆင်ရန်၊ (ပူးတွဲ 'ခ')
- လူနာအား ထိတွေ့ကိုင်တွယ်ပြီးပါက PPE ဝတ်စုံကို နည်းစနစ်မှန်ကန်စွာ လဲလှယ်ရန်နှင့် စနစ်တကျ လက်ဆေးရန်၊
- လူနာများအတွက် အသုံးပြုသည့် Stethoscope, Sphygmomanometer စသည့် အထောက်အကူပြု ပစ္စည်းကိရိယာများကို သီးခြား အသုံးပြုရန်နှင့် ၎င်းပစ္စည်းများအား နည်းစနစ်မှန်ကန်စွာဖြင့် ပိုးမွှားသန့်စင်ခြင်း (Disinfection) ပြုလုပ်ရန်၊
- လူနာများအား ကျန်းမာရေးအခြေအနေအရ လိုအပ်သည်မှ လွဲ၍ ရွှေ့ပြောင်းခြင်း မပြုလုပ်ရန်၊
- လူနာများအား ရွှေ့ပြောင်းခြင်း ပြုလုပ်ပါက လူနာအား ထိတွေ့ သယ်ဆောင်သူ ကျန်းမာရေး ဝန်ထမ်းများသည် လိုအပ်သော PPE ဝတ်စုံကို ဝတ်ဆင်ရန်နှင့် စနစ်တကျလက်ဆေးခြင်း ဆောင်ရွက်ရန်၊
- လူနာခန်းများကို လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ထားရန်၊

(င) ရောဂါပိုးမွှားသန့်စင်ခြင်း (Disinfection) လုပ်ငန်းများ

- "ဆေးရုံများတွင် ရောဂါကူးစက်မှု ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန် (၂၀၁၆)"နှင့်
- "2019 Novel Coronavirus (2019-nCoV) ကူးစက်မှု ရှိ/မရှိ စုံစမ်းစစ်ဆေးမှု ခံယူနေရသူ (Person Under Investigation) (သို့မဟုတ်) ရောဂါကူးစက်မှု အတည်ပြုပြီးသော သူများထံမှ အခြားသူများသို့ ရောဂါမကူးစက်ရေးအတွက် ပိုးမွှားသန့်စင်ရေး (Decontimination & Disinfection) လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ရန်၊

- အဆိုပါ လုပ်ငန်းလမ်းညွှန်များကို ဝန်ထမ်းများ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရေး အသိပညာ ပေးထားရန်နှင့် ကြီးကြပ်ရန်၊

**(စ) သံသယလူနာများအား Isolation ထားရှိရန် လုပ်ငန်းလမ်းညွှန်**

- Negative pressure Isolation unit မရှိသော ဆေးရုံများတွင် လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်ထားသော တစ်ဦးချင်းသီးသန့်အခန်းများ ထားရှိပေးရန်၊
- တစ်ဦးချင်းသီးသန့်အခန်း မထားရှိနိုင်ပါက သံသယလူနာများ အားလုံးကို စုပေါင်း၍ သီးသန့် ထားရှိရန်၊ လူနာခုတင်များကို တစ်မီတာ သို့မဟုတ် သုံးပေ အနည်းဆုံး ခွာ၍ ထားရှိရန်နှင့် လူနာ အချင်းချင်း တစ်မီတာ သို့မဟုတ် သုံးပေ အနည်းဆုံး ခွာ၍ နေထိုင်ရေး အသိပေးတားမြစ်ထားပါရန်၊
- လူနာများ၏ အသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်း မပြုလုပ်ရေး တားမြစ်ထားရန်နှင့် လိုအပ် ချက်များ ညှိနှိုင်းပံ့ပိုးပေးရန်၊
- Confirmed case များကို သံသယလူနာများနှင့် ပူးတွဲထားရှိခြင်း မပြုရန်၊
- သီးသန့်အခန်း/လူနာဆောင်များကို မသက်ဆိုင်သည့် လူနာများ/ကျန်းမာရေးဝန်ထမ်းများ/ လူနာ စောင့်များ မဝင်ထွက်နိုင်ရေး အမှတ်အသား ထားရှိရန်၊
- Isolation အခန်းများအတွက် ကျန်းမာရေးဝန်ထမ်းများ သီးသန့်ထားရှိရန်နှင့် အဝင်/အထွက် မှတ်တမ်းထားရှိရန်၊
- မလိုအပ်ဘဲ မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်တို့ကို လက်ဖြင့် ထိတွေ့ခြင်း ရှောင်ကြဉ်ရန်၊
- လူနာနှင့်ထိတွေ့မည့် ဝန်ထမ်းများအားလုံး PPE ဝတ်ဆင်ရန်၊ မှန်ကန်စွာ ဝတ်ဆင်ရန်၊ ကြီးကြပ်ရန် နှင့် သင်တန်းပေးထားရန်၊
- Standard Precaution များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်၊
- လူနာ၏ အသုံးအဆောင်များ၊ Linen များမှ တစ်ဆင့် ရောဂါပိုးကူးစက်ပြန့်ပွားမှု မရှိနိုင်ရေး အတွက် Disinfection နည်းစနစ်များကို
  - “ဆေးရုံများတွင် ရောဂါကူးစက်မှု ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန် (၂၀၁၆)”နှင့်

- “2019 Novel Coronavirus (2019–nCoV) ကူးစက်မှု ရှိ/မရှိ စုံစမ်းစစ်ဆေးမှု ခံယူနေရသူ (Person Under Investigation) (သို့မဟုတ်) ရောဂါကူးစက်မှု အတည်ပြုပြီးသော သူများထံမှ အခြားသူများသို့ ရောဂါမကူးစက်ရေးအတွက် ပိုးမွှားသန့်စင်ရေး (Decontimination & Disinfection) လုပ်ထုံးလုပ်နည်းများ

  နှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ရန်၊

- လူနာဆောင်များ သန့်ရှင်းရေးကို ပုံမှန်ဆောင်ရွက်ရန်၊
- မိသားစုနှင့် ဧည့်သည်များ ဝင်ရောက်မှုကို တားမြစ်ရန်၊
- လူနာများ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု ရရှိစေရန်အတွက် မိသားစု/သူငယ်ချင်းများနှင့် အဆက်အသွယ် ရရှိရေး ဖုန်း ပြောနိုင်ရန်နှင့် ဖြစ်နိုင်ပါက အင်တာနက်ကဲ့သို့ အစီအစဉ်များ စီစဉ်ပေးထားရန်၊
- လူနာများ၏ ကျန်းမာရေးစစ်ဆေးခြင်းကို တစ်နေ့ နှစ်ကြိမ် ပုံမှန်ပြုလုပ်ရန်၊
- ကိုယ်အပူချိန်တက်ခြင်းနှင့် သံသယရောဂါလက္ခဏာများ တွေ့ရှိပါက သံသယလူနာခန်းသို့ ပြောင်းရွှေ့ရန်၊
- လူနာများ Mask များ ဝတ်ဆင်စေရန်နှင့် စီစဉ်ပေးထားရန်၊
- လူနာများ စည်းကမ်းမဲ့ တံတွေးထွေးခြင်း၊ စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်း၊ ကွမ်းယာစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်းများကို ရှောင်ကြဉ်စေရေး အသိပညာပေး တားမြစ်ထားရန်၊
- အမှိုက်ပုံးများ စနစ်တကျ ထားရှိပေးရန်၊
- တစ်ကိုယ်ရည် သန့်ရှင်းရေးပစ္စည်းများ (ဥပမာ – အိမ်သာသုံးစက္ကူ၊ တစ်ရှူးလိပ်၊ ဆပ်ပြာ၊ လက်သန့်စင်ဆေးရည်၊ အခန်းသန့်ရှင်းရေးပစ္စည်းများ၊ ပိုးသန့်စင်ဆေးရည် စသည်တို့) ကို လုံလောက်အောင် ထားရှိရန်၊

သီးခြားလူနာခန်း (Isolation Room) အား ပိုးမွှားသန့်စင်ခြင်း

- သီးခြားလူနာခန်းများကို ပိုးသတ်ဆေးအငွေ့မှုတ်ခြင်း (Fumigation, Fogging) မပြုလုပ်ရ။
- Suspected case နေထိုင် အသုံးပြုခဲ့သော ဟိုတယ်အခန်း/ အခန်းကို ဓာတ်ခွဲ အဖြေရသည်အထိ လုံးဝပိတ်ထားပြီ Suspected case မှ Confirmed case အဖြစ် ဓာတ်ခွဲအဖြေဖြင့်

ရောဂါကူးစက်မှု အတည်ပြုပြီးပါက သီးခြားလူနာခန်းအား အပြီးသတ်သန့်ရှင်းရေး Procedure အတိုင်း ပိုးမွှားသန့်စင်ခြင်း ပြုလုပ်ပါ။

နေ့စဉ်သန့်ရှင်းရေးအတွက် –

- PPE အပြည့်အစုံဝတ်ဆင်ပါ။
- ထိုအခန်းအား ပိုးမွှားသန့်စင်စေရန် 1:50 Hypochlorite Solution (1000 ppm) ဆွတ်ထားသော အဝတ်ဖြင့် သေချာစွာ သုတ်ပြီး (၁၀)မိနစ်ထားပါ။ ထို့နောက် ရေဝတ်ဖြင့် ထပ်မံသုတ်ပါ။
- လူနာကို တပ်ဆင်ထားသည့် ကိရိယာများ (ဥပမာ – IV Infusion Pump များ၊ Ventilator များ)၊ ကြမ်းခင်းများနှင့် အခန်း၏ အခြားမျက်နှာပြင်များကို တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ် 1:50 Hypochlorite Solution (1000 ppm) ဖြင့် သန့်စင်ဆေးကြောပါ။
- လက်နှင့်ထိတွေ့မှုများသော မျက်နှာပြင်များ (ဥပမာ – လူနာခုတင်လက်ရန်းများ၊ စားပွဲများ၊ TV Remote၊ လူခေါ်ခလုတ်၊ တယ်လီဖုန်း၊ အိမ်သာရေဆွဲခလုတ်၊ တံခါးလက်ကိုင်၊ တံခါးပေါက်၊ လေဝင်လေထွက် ရှိသော နေရာများ) စသည်တို့ကို တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ် 1:50 Hypochlorite Solution (1000 ppm) ဖြင့် ဆေးကြောပါ။

  **(1:50 Hypochlorite Solution (1000ppm) ရရှိနိုင်ရန် ရေ တစ်လီတာတွင် ၅% အိမ်သုံး အရောင်ချွတ်ဆေး (Bleaching powder) လက်ဘက်ရည်ဇွန်း (၄)ဇွန်း ထည့်၍ ဖျော်ပါ)**
- သန့်ရှင်းရေးများအား Checklist ဖြင့် နေ့စဉ်စစ်ဆေးပါ။
- သန့်ရှင်းရေးပစ္စည်းများကို လူနာခန်းအပြင်ဘက်တွင် သီးသန့်ထားသိုပါ။ (ဥပမာ – အပိုခန်း/ စတိုခန်း)
- သီးခြားလူနာခန်းအတွက် သတ်မှတ်ထားသော သန့်ရှင်းရေးသုံးပစ္စည်း (သို့မဟုတ်) တစ်ခါသုံး သန့်ရှင်းရေး ပစ္စည်းများကို အသုံးပြုပါ။

(ဆ) **Hospital Quarantine ဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်**

- ပြည်သူ့ဆေးရုံများ၌ ဒေသအခြေအနေပေါ်မူတည်၍ Hospital Qurantine ထားရှိနိုင်မည့် အခန်းများ/ခုတင်များ စီစဉ်ထားရန်၊
- Hospital Quarantine အတွက် ဖြစ်နိုင်ပါက တစ်ဦးချင်း အခန်းများ စီစဉ်ပေးထားရန်၊ သီးခြားအခန်းများ ထားရှိနိုင်ခြင်း မရှိပါက သီးခြားအဆောင်ဖြင့် ထားရှိရန်၊
- တစ်ဦးချင်းသီးသန့်အခန်း မထားရှိနိုင်ပါက သံသယလူနာများ အားလုံးကို စုပေါင်း၍ သီးသန့်ထားရှိရန်နှင့် လူနာခုတင်များကို တစ်မီတာ သို့မဟုတ် သုံးပေ အနည်းဆုံး ခွာ၍ ထားရှိရန်နှင့် လူနာတစ်ဦးနှင့် တစ်ဦး တစ်မီတာ သို့မဟုတ် သုံးပေ အကွာအဝေးရှိစေရေး အသိပညာပေး တားမြစ်ထားရန်၊
- လူနာများ၏ အသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်း မပြုလုပ်ရေး တားမြစ်ထားရန်နှင့် လိုအပ်ချက်များ ညှိနှိုင်းပံ့ပိုးပေးရန်၊
- Quarantine ဆောင်ရွက်မည့် အခန်းသည် လေဝင်လေထွက်ကောင်းမွန်ရေး စီစဉ်ဆောင်ရွက်ရန်၊
- Quarantine အခန်းများကို မသက်ဆိုင်သည့် လူနာများ/ကျန်းမာရေးဝန်ထမ်းများ/ လူနာ စောင့်များ မဝင်ထွက်နိုင်ရေး အမှတ်အသား ထားရှိရန်၊
- ကျန်းမာရေးဝန်ထမ်းများ သီးသန့်တာဝန်ပေးထားရှိရန်၊
- မလိုအပ်ဘဲ မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်တို့ကို လက်ဖြင့် ထိတွေ့ခြင်း ရှောင်ကြဉ်ရန်၊
- လူနာနှင့်ထိတွေ့မည့် ဝန်ထမ်းများအားလုံး Mask/Glove/Gowns မှန်ကန်စွာ ဝတ်ဆင်ရန်၊
- Standard Precaution များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်၊
- လူနာ၏ အသုံးအဆောင်များ၊ Linen များမှ တစ်ဆင့် ရောဂါပိုးကူးစက်ပြန့်ပွားမှု မရှိနိုင်ရေး အတွက် Disinfection နည်းစနစ်များကို
    - "ဆေးရုံများတွင် ရောဂါကူးစက်မှု ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန် (၂၀၁၆)"နှင့်
    - "2019 Novel Coronavirus (2019-nCoV) ကူးစက်မှု ရှိ/မရှိ စုံစမ်းစစ်ဆေးမှု ခံယူနေရသူ (Person Under Investigation) (သို့မဟုတ်) ရောဂါကူးစက်မှု အတည်ပြုပြီးသော သူများထံမှ

အခြားသူများသို့ ရောဂါမကူးစက်ရေးအတွက် ပိုးမွှားသန့်စင်ရေး (Decontimination & Disinfection) လုပ်ထုံးလုပ်နည်းများ

နှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ရန်၊

- လူနာဆောင်များ သန့်ရှင်းရေးကို ပုံမှန်ဆောင်ရွက်ရန်၊
- မိသားစုနှင့် ဧည့်သည်များ ဝင်ရောက်မှုကို တားမြစ်ရန်၊
- လူနာများ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု ရရှိစေရန်အတွက် မိသားစု/သူငယ်ချင်းများနှင့် အဆက်အသွယ် ရရှိရေး ဖုန်း ပြောနိုင်ရန်နှင့် ဖြစ်နိုင်ပါက အင်တာနက်ကဲ့သို့ အစီအစဉ်များ စီစဉ်ပေးထားရန်၊
- လူနာများအား ကိုယ်အပူချိန်တိုင်းတာခြင်းနှင့် သံသယရောဂါလက္ခဏာများကို စစ်ဆေးခြင်းကို တစ်နေ့ နှစ်ကြိမ် ပုံမှန်ပြုလုပ်ရန်၊
- ကိုယ်အပူချိန်တက်ခြင်းနှင့် သံသယရောဂါလက္ခဏာများ တွေ့ရှိပါက သံသယလူနာခန်းသို့ ပြောင်းရွှေ့ရန်၊
- Quarantine ဆောင်ရွက်ခြင်း ခံရမည့် ပုဂ္ဂိုလ်များထဲတွင် high risk persons များ ပါရှိပါက အထူး ဂရုစိုက် စောင့်ကြပ်ကြည့်ရှုရန်၊
- Quarantine ပြုလုပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်များအား ရောဂါနှင့် ဆောင်ရန်၊ ရှောင်ရန်များကို သေချာစွာ အသိပညာပေးထားရန်၊
- လူနာများ လိုအပ်ပါက Mask များ ဝတ်ဆင်စေရန်နှင့် စီစဉ်ပေးထားရန်၊
- လူနာများ စည်းကမ်းမဲ့တံတွေးထွေးခြင်း၊ စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်း၊ ကွမ်းယာစားခြင်း၊ ဆေးလိပ် သောက်ခြင်း၊ အရက်သောက်ခြင်းများကို ရှောင်ကြဉ်စေရေး အသိပညာပေး တားမြစ်ထားရန်၊
- အမှိုက်ပုံးများ စနစ်တကျ ထားရှိပေးရန်၊
- တစ်ကိုယ်ရည် သန့်ရှင်းရေးပစ္စည်းများ (ဥပမာ – အိမ်သာသုံးစက္ကူ၊ တစ်ရှူးလိပ်၊ ဆပ်ပြာ၊ လက် သန့်စင်ဆေးရည်၊ အခန်းသန့်ရှင်းရေးပစ္စည်းများ၊ ပိုးသန့်စင်ဆေးရည် စသည်တို့) ကို လုံလောက် အောင် ထားရှိရန်၊

နေ့စဉ်သန့်ရှင်းရေးအတွက် –

- PPE အပြည့်အစုံဝတ်ဆင်ပါ။
- ထိုအခန်းအား ပိုးမွှားသန့်စင်စေရန် 1:50 Hypochlorite Solution (1000 ppm) ဆွတ်ထားသော အဝတ်ဖြင့် သေချာစွာ သုတ်ပြီး (၁၀)မိနစ်ထားပါ။ ထို့နောက် ရေဝတ်ဖြင့် ထပ်မံသုတ်ပါ။
- လူနာကို တပ်ဆင်ထားသည့် ကိရိယာများ (ဥပမာ – IV Infusion Pump များ၊ Ventilator များ)၊ ကြမ်းခင်းများနှင့် အခန်း၏ အခြားမျက်နှာပြင်များကို တစ်နေ့လျှင် အနည်းဆုံး တစ်ကြိမ် 1:50 Hypochlorite Solution (1000 ppm) ဖြင့် သန့်စင်ဆေးကြောပါ။
- လက်နှင့်ထိတွေ့မှုများသော မျက်နှာပြင်များ (ဥပမာ – လူနာခုတင်လက်ရန်းများ၊ စားပွဲများ၊ TV Remote၊ လူခေါ်ခလုတ်၊ တယ်လီဖုန်း၊ အိမ်သာရေဆွဲခလုတ်၊ တံခါးလက်ကိုင်၊ တံခါးပေါက်၊ လေဝင်လေထွက် ရှိသော နေရာများ) စသည်တို့ကို တစ်နေ့လျှင် အနည်းဆုံး နှစ်ကြိမ် 1:50 Hypochlorite Solution (1000 ppm) ဖြင့် ဆေးကြောပါ။

  **(1:50 Hypochlorite Solution (1000ppm) ရရှိနိုင်ရန် ရေ တစ်လီတာတွင် ၅% အိမ်သုံးအရောင်ချွတ်ဆေး (Bleaching powder) လက်ဘက်ရည်ဇွန်း (၄)ဇွန်း ထည့်၍ ဖျော်ပါ)**
- သန့်ရှင်းရေးများအား Checklist ဖြင့် နေ့စဉ်စစ်ဆေးပါ။
- သန့်ရှင်းရေးပစ္စည်းများကို လူနာခန်းအပြင်ဘက်တွင် သီးသန့်ထားသိုပါ။ (ဥပမာ – အပိုခန်း/ စတိုခန်း)
- Qurantine အခန်းအတွက် သတ်မှတ်ထားသော သန့်ရှင်းရေးသုံးပစ္စည်း (သို့မဟုတ်) တစ်ခါသုံး သန့်ရှင်းရေး ပစ္စည်းများကို အသုံးပြုပါ။

(ဓ) ကျန်းမာရေးဝန်ထမ်းများ၏ မတော်တဆဖြစ်စဉ်များအတွက် ဆောင်ရွက်ရန် နည်းလမ်းများ

ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူနာထံမှ ရောဂါပိုးကူးစက်မှုဖြစ်စေနိုင်သည့် မတော်တဆဖြစ်စဉ်များ ဖြစ်ပွားပါက ဖော်ပြပါ လမ်းညွှန်များအတိုင်း လိုက်နာ ဆောင်ရွက်ကြရန် ဖြစ်ပြီး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် ဖြစ်ပါသည်။




Source :

The Lancet Editorial, 2020; COVID–19: protecting health–care workers

The First Affiliated Hospital, Zhejiang University School of Medicine, 2020; Handbook of COVID–19 Prevention and Treatment

(ဈ) လူနာလွှဲပြောင်းညွှန်းပို့ရာတွင် လိုက်နာဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်များ

- COVID-19 ရောဂါနှင့် ပတ်သက်၍ Confirmed case များအတွက် လွှဲပြောင်းဆေးရုံများအဖြစ် ရန်ကုန်မြို့တွင် ဝေဘာဂီ အထူးကုဆေးရုံကြီး၊ မန္တလေးမြို့တွင် ကန်တော်နဒီကူးစက်ဆေးရုံနှင့် နေပြည်တော်တွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) တို့အား သတ်မှတ်ထားရှိပါသည်။
- ကျန် တိုင်းဒေသကြီး/ပြည်နယ်များတွင် လွှဲပြောင်းဆေးရုံများအဖြစ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပြည်သူ့ဆေးရုံကြီးများအား သတ်မှတ်ထားရှိပါသည်။
- လူနာအား လွှဲပြောင်းခြင်း မပြုမီ လွှဲပြောင်းပေးမည့် ဆေးရုံ သို့ ကြိုတင်ပြင်ဆင်နိုင်ရေး ညှိနှိုင်း အကြောင်းကြား ပြီးမှသာ လွှဲပြောင်းပေးပို့ရန်၊
- လူနာ လွှဲပြောင်းပေးပို့ရာတွင် Standard Precaution များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်၊
- ကလေးအထူးကုဆေးရုံကြီးများအနေဖြင့် ကလေးလူနာများတွင် သံသယ လူနာများတွေ့ရှိပါက မိမိတို့ ဆေးရုံရှိ ကူးစက်ရောဂါကုသဆောင်တွင်သာ လက်ခံကုသပေးရန်နှင့် ကြိုတင် ပြင်ဆင်ဆောင်ရွက် ထားရန်၊

(ည) စွန့်ပစ် ပစ္စည်းများအတွက် ဆောင်ရွက်ရန် လုပ်ငန်းများ

- စွန့်ပစ်ပစ္စည်းအားလုံးကို မီးရှို့ဖျက်ဆီးခြင်း၊ Autoclaving (သို့မဟုတ်) ဓာတုပိုးသတ်ဆေး တို့ဖြင့် သန့်စင်ရန်၊
- တစ်ခါသုံးဆေးထိုးပြွန်များနှင့် အပ်များကို ပေါက်မထွက်နိုင်သော Sharp Box Container အတွင်း သို့ စွန့်ပစ်ရန်၊
- စွန့်ပစ်ပစ္စည်းများကို ကိုင်တွယ်သောအခါနှင့် ပိုးမွှားသန့်စင်ရေး ပြုလုပ်သည့်အခါများတွင် လက်အိတ်နှင့် Gown များကို ဝတ်ဆင်ရန်၊
- စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော အရောင်များအတိုင်း ခွဲခြား သိမ်းဆည်းရန်နှင့် သယ်ဆောင်ရာတွင် ရောဂါပိုးမွှားပျံ့နှံ့ခြင်း မရှိစေရေး သတ်မှတ်လမ်းကြောင်း အတိုင်း သယ်ဆောင်ရန်၊

- သွေး (သို့မဟုတ်) ခန္ဓာကိုယ်အရည်များဖြင့် အလွန်အမင်း ညစ်ပေနေသော တစ်ခါသုံးပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်း (သို့မဟုတ်) စွန့်ပစ်ခြင်း မပြုမီ အနည်းဆုံး မိနစ် (၃၀)ကြာအောင် 1:10 Hypochlorite Solution (5000 ppm) တွင် စိမ်ရန်၊

(ဋ) သေဆုံးလူနာများနှင့် ပတ်သက်သည့် လုပ်ငန်းများ

- Confirmed case သေဆုံးလူနာများကို ကိုင်တွယ်ရာတွင် confirmed case များအတွက် လိုက်နာ ဆောင်ရွက်ရမည့် Precaution များအတိုင်း လိုက်နာရန်၊
- သံသယလူနာများသည် ရောဂါပိုး စစ်ဆေးမှု မပြုလုပ်မီ သေဆုံးခဲ့ပါက ခာတ်ခွဲစစ်ဆေးမှု ပြုလုပ်နိုင်ရေး ခာတ်ခွဲနမူနာကို ရယူ၍ စစ်ဆေးရန်နှင့် ရင်ခွဲစစ်ဆေးမှု မပြုလုပ်ရန်၊
- SARS-CoV-2 ရောဂါပိုး မတွေ့ရှိသော သံသယလူနာ (PUI) များ၏ သေဆုံးအလောင်းများနှင့် ပတ်သက်၍ ဆေးရုံများ၏ မူလလုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်ရန်၊

(ဌ) ဗဟိုအဆင့်ဆေးရုံများနှင့် တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနများမှ ဆောင်ရွက်ရန်

- ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ဗဟိုအဆင့်ဆေးရုံများနှင့် တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနများတွင် ဦးစီးအရာရှိ (ဆရာဝန်)နှင့်အထက် Focal Person တစ်ဦး သတ်မှတ်တာဝန်ပေးအပ်ထားရန်၊
- ဆေးရုံများတွင် သံသယလူနာများ (Suspected Cases) များ တွေ့ရှိပါက ကုသရေးဦးစီးဌာန (ရုံးချုပ်)နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲသို့ လူနာ၏ အချက်အလက်များအား ချက်ချင်း သတင်းပေးပို့ရန်နှင့် နေ့စဉ် အခြေအနေများအား သတ်မှတ်ပုံစံတွင် ဖြည့်စွက်၍ ကုသရေးဦးစီးဌာန(ရုံးချုပ်) သို့ နေ့စဉ် နံနက် (၁၀:၀၀) နာရီ နောက်ဆုံးထား၍ ပေးပို့ရန်၊
- လူနာများ၏ ကျန်းမာရေးအခြေအနေအား နေ့စဉ် နံနက် (၇:၀၀)နာရီနှင့် ညနေ (၆:၀၀)နာရီ နောက်ဆုံးထား ၍ COVID-19 Viber Group သို့ ပေးပို့တင်ပြရန်၊

- COVID-19 ရောဂါနှင့်ပတ်သက်သည့် လုပ်ငန်းလမ်းညွှန်များ၊ ညွှန်ကြားချက်များကို လက်အောက်ရှိ ဆေးရုံများမှ သိရှိနိုင်ရေး ဆောင်ရွက်ရန်၊ သတင်းအချက်အလက်များ လျင်မြန်စွာ ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ လုပ်ငန်းလမ်းညွှန်နှင့် လိုက်နာဆောင်ရွက်မှု ရှိစေရေး ကြီးကြပ်ရန်နှင့် လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ရန်၊
- ဆေးရုံများတွင် COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်မှုများကို ကြီးကြပ်ဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို ညှိနှိုင်းပေးရန်၊ (လိုအပ်ချက်များကို တိုင်းဒေသကြီး/ပြည်နယ်အတွင်း Reallocation ပြုလုပ်ခြင်း၊ ဗဟိုသို့ တင်ပြ၍ ညှိနှိုင်းခြင်းများ ပြုလုပ်ရန်)

References:


- ကုသရေးဦးစီးဌာန၏ (၂၃-၁-၂၀၂၀)ရက်စွဲပါ စာအမှတ်၊ ကုသရေး/IPC/၂၀၂၀(၀၂၁)
- ကုသရေးဦးစီးဌာန၏ (၂၈-၁-၂၀၂၀)ရက်စွဲပါ စာအမှတ်၊ ကုသရေး/IPC/၂၀၂၀(၀၄၁)
- ကုသရေးဦးစီးဌာန၏ (၂၈-၁-၂၀၂၀)ရက်စွဲပါ စာအမှတ်၊ ကုသရေး/IPC/၂၀၂၀(၀၄၂)
- ကုသရေးဦးစီးဌာန၏ (၃၁-၁-၂၀၂၀)ရက်စွဲပါ စာအမှတ်၊ ကုသရေး/IPC/၂၀၂၀(၀၅၅)
- ကုသရေးဦးစီးဌာန၏ (၃-၃-၂၀၂၀)ရက်စွဲပါ စာအမှတ်၊ ကုသရေး/IPC/၂၀၂၀(၁၅၂)
- World Health Organization, 2020. *Infection prevention and control during health care when novel coronavirus (nCoV) infection is suspected: interim guidance, January 2020* (No. WHO/2019-nCoV/IPC/v2020. 2). World Health Organization.
- ဆေးရုံများတွင် ရောဂါကူးစက်မှု ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန် (၂၀၁၆)”
- “2019 Novel Coronavirus (2019-nCoV) ကူးစက်မှု ရှိ/မရှိ စုံစမ်းစစ်ဆေးမှု ခံယူနေရသူ (Person Under Investigation) (သို့မဟုတ်) ရောဂါကူးစက်မှု အတည်ပြုပြီးသော သူများထံမှ အခြားသူများသို့ ရောဂါမကူးစက်ရေးအတွက် ပိုးမွှားသန့်စင်ရေး (Decontimination & Disinfection) လုပ်ထုံးလုပ်နည်းများ
- World Health Organization, 2020. *Infection prevention and control during health care when novel coronavirus (nCoV) infection is suspected: interim guidance, January 2020* (No. WHO/2019-nCoV/IPC/v2020. 2). World Health Organization.
- World Health Organization, 2020. Clinical management of severe acute respiratory infections when COVID-19 is suspected. (13 Mar 2020)
- World Health Organization: How to be ready to nosocomial infection prevention and control; Case Management and Infection Prevention and Control Group; Second meeting; 24 March 2020

Top Priorities Checklists to be prepared at hospitals for COVID-19 acute respiratory disease (updated as of 15–3–2020)

| Sr. No. | Particular | Yes/No | Number of items | Adequate /not | Required action |
|---|---|---|---|---|---|
| A. | Personal Protective Measures | | | | |
| 1) | PPE (full) | | | | |
| 2) | Isolation suite | | | | |
| 3) | N95 masks | | | | |
| 4) | Surgical masks | | | | |
| 5) | Surgical gloves | | | | |
| 6) | Trained persons for PPE | | | | |
| | | | | | |
| B. | Hand Hygiene Facilities | | | | |
| 1) | Sinks with running water | | | | |
| 2) | Hand Sanitizers | | | | |
| 3) | Workplace reminders/Posters | | | | |
| 4) | Liquid soap | | | | |
| | | | | | |
| C. | Disinfection | | | | |
| 1) | Disinfectants (0.1% Hypochlorite solution) | | | | |
| 2) | Proper practice of staff | | | | |
| D. | Health care waste management | | | | |
| 1) | Sharp boxes | | | | |
| 2) | Proper segragation and transport | | | | |
| | | | | | |
| E. | Laboratory facilities | | | | |
| 1) | \|Virus Transport Medium (VTM) tube | | | | |
| 2) | Trained and designated persons for taking swabs | | | | |
| 3) | Head Torch or Torch | | | | |
| | | | | | |
| F. | Screening of patients (OPD/Emergency Department) | | | | |
| 1) | Advocacy on Management protocol including triage to all Health Care Providers updated as of 14 Feb 2020 | | | | |

| Sr. No. | Particular | Yes/No | Number of items | Adequate /not | Required action |
|---|---|---|---|---|---|
| 2) | Non-touch thermometer | | | | |
| 3) | Fever room/separate room | | | | |
| 4) | Source control measures for patients in place | | | | |
| 5) | Personal protective measures in place | | | | |
| 6) | Hand hygiene facilities in place | | | | |
| G. | Isolation facilities | | | | |
| 1) | Isolation room | | | | |
| 2) | Isolation beds | | | | |
| | | | | | |
| H. | Quarantine facilities | | | | |
| 1) | Quarantine room | | | | |
| 2) | Quarantine beds | | | | |
| | | | | | |
| I. | Advanced care | | | | |
| 1) | Ventilators | | | | |
| 2) | Patient Monitors | | | | |
| 3) | ICU beds | | | | |
| 4) | Defibrillator | | | | |
| 5) | Suction machine | | | | |
| 6) | X-ray facilities | | | | |
| 7) | Trained persons | | | | |
| 8) | Oxygen cylinder/ Air sep | | | | |
| | | | | | |
| J. | Knowledge of health care providers | | | | |
| 1) | Assessment and triage of patients | | | | |
| 2) | Reporting procedures | | | | |
| 3) | Personal protective measures | | | | |
| 4) | Cllinical management | | | | |
| | | | | | |
| K. | Transport of patients | | | | |
| 1) | Ambulance (well-equipped) | | | | |
| 2) | Trained crew | | | | |
| 3) | PPE for crew | | | | |
| | | | | | |
| L. | Policy and practice | | | | |
| 1) | Guidelines for secreening of patients | | | | |
| 2) | Guidelines for infection prevention and control | | | | |
| 3) | Guidelines for treatment | | | | |

| Sr. No. | Particular | Yes/No | Number of items | Adequate /not | Required action |
|---|---|---|---|---|---|
| 4) | Visitor management and exclusion | | | | |
| | | | | | |
| M. | Medicines | | | | |
| 1) | Antiviral (Eg; Tamiflu) | | | | |
| 2) | Antivacterial | | | | |
| | | | | | |
| N. | Others | | | | |
| 1) | Laboratory request form | | | | |
| 2) | Discharge message (ပိုးတွေ့/ပိုးမတွေ့) | | | | |
| 3) | Home message | | | | |

ပူးတွဲ 'ခ'

COVID-19 Acute Respiratory Disease နှင့် ပတ်သက်၍ Personal Protective Equipment ဝတ်ဆင်ရန် လုပ်ငန်းလမ်းညွှန်

| အကြောင်းအရာ | Medical Mask | N95 mask | Gown | Gloves | Eyes protection (Goggles or face shield) | Boots/ closed shoes |
|---|---|---|---|---|---|---|
| ပြင်ပလူနာ ဌာန၌ Screening ပြုလုပ်ခြင်း | (+) အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများ (Respiratory symptoms) ရှိသူတိုင်းအတွက် အသုံးပြုရန် | (-) | (-) | (-) | (-) | (-) |
| လူနာများအား သံသယရှိပါက သီးခြား စမ်းသပ်ခန်း (Fever room/ Temporary isolation room) ၌ စမ်းသပ်ခြင်း | (+) | (-) | (+) | (+) | (-) | (-) |
| သံသယလူနာများ (Person under investigation/ suspected) လူနာခန်း၌ စမ်းသပ်ခြင်း/ ကုသခြင်း | (+) | (-) | (+) | (+) | (+) | (-) |
| ဓာတ်ခွဲစစ်ဆေးမှုပြုလုပ်သူများ/ Sample ယူခြင်း | (-) | (+) | (+) | (+) | (+) | (-) |
| Aerosol-generating procedures များ (e.g; tracheal incubation, non-invasive ventilation, tracheostomy, cardio pulmonary resuscitation, manual ventilation, bronchoscopy) ပြုလုပ်ခြင်း | (-) | (+) | (+) Apron ပါ ဝတ်ဆင်ရန် | (+) | (+) | (-) |
| လူနာများအား လူနာတင်ယာဉ်ဖြင့် သယ်ပို့ ရာတွင် အသက်ကယ်ကုသမှု ပြုလုပ်မည့် အထောက်အကူပြု | (+) | (-) | (+) | (+) | (+) | (-) |

| အကြောင်းအရာ | Medical Mask | N95 mask | Gown | Gloves | Eyes protection (Goggles or face shield) | Boots/ closed shoes |
|---|---|---|---|---|---|---|
| ဝန်ထမ်းများ/ လူနာအား ထိတွေ့ကိုင်တွယ်မည့်သူများ | | | | | | |
| လူနာခန်းအား သန့်ရှင်းရေးပြုလုပ်သူများ | (+) | (–) | (+) | (+) (Heavy duty gloves) | (+) | (+) |
| လူနာခန်းသို့ ဝင်ရောက်မည့် ဧည့်သည်များ | (+) | (–) | (+) | (+) | (–) | (–) |

Reference : Rational Use of Personal Protective Equipment for Coronavirus Disease 2019 (WHO)

မှတ်ချက်

- ကျန်းမာရေးဝန်ထမ်းများသည် လူနာများအား ထိတွေ့ကိုင်တွယ်ခြင်း မပြုမီ နှင့် ထိတွေ့ကိုင်တွယ်ပြီးနောက် လက်ကို (Alcohol hand sanitizer/ ဆပ်ပြာနှင့် ရေဆေးခြင်းဖြင့်) စနစ်တကျ ဆေးကြောရမည်။
- သံသယလူနာများအား စမ်းသပ်စစ်ဆေးရန် မလိုအပ်သူသည် (ဥပမာ – Screening ပြုလုပ်ခြင်း/မေးမြန်းခြင်း၊ လူနာတင်ယာဉ် ယာဉ်မောင်း) လူနာနှင့် အနည်းဆုံး တစ်မီတာ သို့မဟုတ် သုံးပေ ခွာ၍ သတိပြု နေထိုင်ရပါမည်။
- လူနာများတွင် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ရှိပါက လူနာအား Medical Mask တပ်ဆင်ပေးရမည်။ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မရှိပါက Mask တပ်ဆင်ပေးရန် မလိုအပ်ပါ။